# အမှာစာ

ရှေးဟောင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ၊ ပုဂံမြို့မှဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးမျိုးညွန့်ရေးသားပြုစုသော ပုဂံခေတ်စေတီပုထိုးများ၏ ဗိသုကာနှင့်အနုလက်ရာစာမူကိုဖတ်ရှုကြည့်ပါသည်။

ပုဂံမြို့ရှိဘုရားစေတီကျောင်းကန်များကို ပြုပြင်ထိန်းသိမ်းရင်း လက်တွေ့ကျကျကွင်းဆင်းလေ့လာရေးသားထားသဖြင့်၊ အတတ်ပညာပိုင်းဆိုင်ရာရှုထောင့်အတွက်များစွာ အားထုတ်ထားကြောင်းနှင့် အရှိကိုအရှိအတိုင်း မှန်မှန်ကန်ကန် ရေးသားထားကြောင်း တွေ့ရပါသည်။

ဤစာအုပ်တွင် ပျူခေတ် ပျူစေတီနှင့်ပုဂံခေတ်တို့စပ်ကူးမပ်ကူးကာလ ၊ပုဂံခေတ်အဆက်ဆက်တည်ဆောက်ခဲ့သည့်စေတီပုထိုးများ ပုံသဏ္ဌာန်ပြောင်းလဲလာမှုကိုလည်း ဓာတ်ပုံ၊ ဆွဲပုံများဖြင့်နှိုင်းယှဉ်ဖော်ပြထားသဖြင့် စုံလင်လှပေသည်။ ထို့မှအပ ဂူပုထိုးများအတွက် ပေါင်းကူးအမျိုးအစားများသည် ပုဂံရောက်တိုင်းလေ့လာသင့်သောနက်ရှိုင်းသည့်အတတ်ပညာလက်ရာများ ဖြစ်ပေသည်။ ပေါင်းကူးအမျိုးမျိုးကိုလည်း ဗဟုသုတဖြစ်ဖွယ် ဤစာအုပ်နှင့်တိုက်ဆိုင်လေ့လာလျှင် ပိုမိုအကျိုးရှိမည်ဖြစ်ပြီး၊ ပုဂံခေတ်ဗိသုကာပညာရှင်များကိုလေးစားပြီး မချီးကျူးဘဲမနေနိုင်ဖြစ်သွားပေလိမ့်မည်။

ပန်းကပ်ပုံများမှာလည်း တစ်ဆူနှင့်တစ်ဆူတမူထူးခြားစွာရှိခဲ့သည်ကို ရေးဆွဲဖော်ပြထားသဖြင့် ပုဂံခေတ်ကာလ စေတီဘုရားများမတည်ဆောက်မီ ပန်းကပ်ပုံများရေးဆွဲပြီးမှတည်ဆောက်ကြသလောဟူ၍ ယူဆ တွေးတောနိုင်ပေသည်။ အဆောက်အအုံများသာမက အလှအပအဖြစ် အင်္ဂတေပန်းတော့လက်ရာများ၊ ကျောက်ဆစ်ပန်းတမော့လက်ရာများ၊ စဥ့်သုတ်ပန်းလက်ရာများဖြင့် တန်ဆာဆင်ထားကြောင်း၊ အတွင်းဘက်၌လည်း ဗုဒ္ဓဝင်ဆိုင်ရာပန်းချီများ၊ ကနုတ်ပန်းများဖြင့်တန်ဆာဆင်ထားကြောင်းကိုလည်း မှတ်တမ်းတင် ရေးသားထားသည့်အတွက် နောင်တွင်ကွာကျသွားနိုင်သောသဘောရှိ၍ ဤစာအုပ်ဖြင့် မှတ်တမ်းကျန်ရစ်နိုင် စေမည်ဖြစ်ပါသည်။ ပုဂံရှိသာသနိကအဆောက်အအုံများ၏ အနှစ်သာရအရှိဆုံး အနုလက်ရာ ဗုဒ္ဓဆင်းတုများအကြောင်းကို ခေတ်ကာလနှင့်တကွ ပြုလုပ်ခဲ့သည့်ပစ္စည်းပါခွဲခြားပြီး ရေးသားဖော်ပြသည့်အတွက် ရှေးဟောင်းပစ္စည်းကဏ္ဍအဖြစ်ပါ လေ့လာမှတ်သားသင့်၊ စုဆောင်းသင့်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်ပေသည်။ ၎င်းအပြင် ဗိသုကာလက်ရာ ဆိုင်ရာစာအုပ်တစ်အုပ်ဖြစ်၍



ထိန်းသိမ်းပုံ၊ ထိန်းသိမ်းနည်းဆိုင်ရာနည်းစနစ်များလည်းပါဝင်သည်ကို တွေ့ရပါသည်။ ဤစာအုပ်သည် နှစ်အတော်အတန်ကြာကြာ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ရင်း လက်တွေ့ကျကျလေ့လာရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်သဖြင့် ပုဂံမြို့ရှိအနုပညာလက်ရာများကို စိတ်ဝင်စားသူများ သုတေသီနောင်လာနောက်သားများ လေ့လာဆည်းပူးရန် အထူးသင့်လျော်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

ကျွန်ုပ်သည်လည်း ဤစာအုပ်ရေးသူကဲ့သို့ပင်နှစ်ပေါင်းများစွာ ပုဂံတွင်ကျင်လည်ခဲ့သူတစ်ဦးဖြစ်၍ စာအုပ်ကိုဖတ်ပြီးသောအခါ ဤစာအုပ်ရေးသူသည် ပုဂံရှေးဟောင်းဒေသအနှံ့ လေ့လာစုဆောင်းပြီးမှ ရေးသားထားကြောင်း ဖော်ပြလိုက်ရပေသည်။

မင်းဘူးအောင်ကြိုင်

## မာတိကာ


| | |
|---|---|
| ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး၏ဥယျောဇဉ် | ၃ |
| အမျိုးသားစာဆိုကြီးဆရာဇော်ဂျီ၏ကဗျာ | ၅ |
| မင်းဘူးအောင်ကြိုင်အမှာ | ၇ |
| စာရေးသူ၏အမှာ | ၉ |
| ကျမ်းဦးနိဒါန်း | ၁၃ |
| သာသနိကအဆောက်အအုံများ၏ဗိသုကာလက်ရာဖွဲ့စည်းမှု | ၁၇ |
| စေတီပေါက်ဘုရားများ | ၂၁ |
| စေတီဖွဲ့စည်းတည်ဆောက်ပုံ | ၂၆ |
| ဂူဘုရားများ | ၃၂ |
| ဂူဘုရားများ၏မုခ်ပေါင်းကူးများ | ၄၀ |
| ရောင်ခြည်ဖြာပေါင်းကူး | ၄၁ |
| မိုပေါင်းကူး | ၄၂ |
| ဓုထိုးပေါင်းကူး | ၄၃ |
| အုန်းလက်ခံပေါင်းကူး | ၄၄ |
| လိပ်ပြာတောင်ပံပေါင်းကူး | ၄၇ |
| နှစ်ထပ်ပေါင်းကူး | ၄၈ |
| မျက်နှာချင်းဆိုင်တိုးစိပေါင်းကူး | ၄၉ |
| ပုဂံရှိဂူပုထိုးများကိုဗိသုကာလက်ရာအလိုက်ခွဲခြားခြင်း | ၅၅ |
| ဂူပုထိုးများအဆင့်ဆင့်ဖွဲ့စည်းတည်ဆောက်ပုံ | ၅၉ |
| ပုဂံခေတ်အုတ်ကျောင်းတိုက်ကြီးများ | ၆၉ |
| ဥမင်များ | ၇၇ |
| ပြာသာဒ်ပိဋကတ်တိုက်နှင့်သိမ်များ | ၈၃ |
| အုတ်စီးအုတ်နင်းနည်းစနစ်များနှင့်အားဖြည့်ကျောက်တုံးတပ်ဆင်နည်းများ | ၉၃ |
| သာသနိကအဆောက်အအုံများ၏အပြောက်ဗိသုကာလက်ရာ | ၁၀၇ |
| ဂူဘုရားများ၏နံရံဆေးရေးပန်းချီအပြောက်လက်ရာများနှင့်အကြောင်းအရာများ | ၁၂၃ |
| ပုဂံခေတ်ဦးပိုင်းနှင့်ခေတ်နှောင်းပိုင်းကာလအတွင်းထုလုပ်ကိုးကွယ်ခဲ့သည့်ဗုဒ္ဓဆင်းတု အသွင်သဏ္ဌာန်များ | ၁၃၉ |
| ရှေးဟောင်းအဆောက်အအုံတိန်းသိမ်းပြုပြင်မှုနှင့်ခေတ်မီကြိုးရေးဆောင်ရွက်ချက်များ | ၁၅၁ |
| ရှေးဟောင်းပုဂံစေတီပုထိုးများအားပြုပြင်သည့်နည်းစနစ်များ | ၁၅၇ |
| စေတီပုထိုးများကိုဗိသုကာနှင့်အနုပညာလက်ရာအလိုက်ခွဲခြားသတ်မှတ်ခြင်း | ၁၆၁ |
| နိဂုံး | ၁၆၃ |
| စာရေးသူ၏အတ္ထုပ္ပတ္တိ | ၁၆၅ |
| ကျမ်းကိုးစာရင်း | ၁၆၆ |
| အက္ခရာဝလိ | ၁၆၈ |